# သခင့်စကား
## The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်

Happy Father's Day သခင့်စကား ၁-၁၆၆

ငါ့သားတို့ အဘ၏ နည်းဥပဒေသကို နား ထောင်၍ ဥာဏ်သဘောကို နားလည်ခြင်း ငှာ စေ့စေ့မှတ်ကြလော့။ သုတ္တံ ၄း၁

HAPPY FATHERS DAY

ဖျော်ရွှင်ပျော်ရွှင်ဖွယ် အဖေများနေ့

အမှတ်စဉ် (၁၆၆) ဇွန်လ ၂၀၁၅ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


**တံတားနှင့်တူသော ပုရိသများ** (မင်းအောင်သက်လွင်)



တံတား ဆိုတာ အများသူငါ ကျော်ဖြတ်သွားဖို့ -
တံတား ဆိုတာ လူသွားလူလာ တက်နင်းသွားဖို့ -
တံတား ဆိုတာ ခရီးသွားတွေ လိုရာရောက်ဖို့ -
သူ့ခြေကို ရပ်၊ သူ့လက်ကို ဆန့်။ သူ့ကျောကို ခင်း။
သူ့သဘောကို အပ်နှင်းလို့- အခက်အခဲတွေ၊ လျှိုမြောင်တွေ၊ ချောက်ကမ်းပါးတွေ၊
ရွှံ့နွံတွေ၊ ချောင်းမြစ်တွေကို ရင်ဘတ်အောက်မှာ ထားပြီး
သူ့ကျောပေါ် က တက်နင်းသွားသူတွေ ဘေး မခ ဖို့ အဖိုးအခ ပေးထားနေလေရဲ့။
သူ့ဆီမှာ လူတကာ တက်နင်းသွားလဲ ရန်မမူတဲ့ နှိမ့်ချထားတဲ့ စွမ်းပကားတွေ ရှိတယ်။
ခိုင်မာ၊ အောက်သက်ကျေပြီး ဖောင်ဒေးရှင်း ကောင်းတဲ့ အမာခံတိုင်လုံးတွေ ရှိတယ်။
သည်းခံပြီး ခံ မပြောတတ်တဲ့ ပါးစပ်တွေ ရှိတယ်။
ဖော်ရွေစွာ ပြုံးပြတတ်တဲ့ နှုတ်ခမ်းတွေ ရှိတယ်။
နူးညံ့ရှည်လျားတဲ့ စိတ်ထားရှိတယ်။ နားလည်ပြီး ကျယ်ဝန်းတဲ့ နှလုံးသား ရှိတယ်။
ဒုပေနာပေ ခံနိုင်တဲ့ ကျောကုန်းပြောင်ကြီး တစ်ခုရှိတယ်။
ငါတို့ ကမ္ဘာမှာတော့ တံတားနဲ့ တူတဲ့ ပုရိသ တွေ ရှိတယ်။
သူတို့ကို လူတွေက "အဖေ" လို့ ခေါ်ကြတယ်။ ။

-------------------------------



**ငါ့ရွက်လှေ** သိုးသူငယ်(ဒါးက)

ဘဝကို ဟန်လုပ် ၊ ရွက်လွှင့်နေတဲ့ ငါ့ ရွက်လှေ
ပဲ့ကိုင်သူမဲ့ ၊ ဦးတည်ချက် မရှိတဲ့ ငါ့ရွက်လှေ
ပင်လယ်ပြင်ကျယ်ထဲ ငါ့ရွက်လှေလေး ကမ်းပျောက်နေဆဲ။
ပင်လယ်လှိုင်း မုန်တိုင်း လေပြင်းကြမ်းထဲ ၊ ငါ့ရွက်လှေလေး မြုပ်လုနီးပြီလေ။
လိုအပ်တယ် ပဲ့ကိုင်သူ။ ရှိချင်တယ် ဦးတည်ရာ
ပြန်လှည့်လု နီးနေပြီ ။ ငါ့ရွက်လှေလေး မျှော်နေဆဲပါ ပဲ့ကိုင်သူရယ်။

-------------------------------





**အဖော်** ဂတုံး

ငှက်တစ်ကောင် ၊ တနည်းအားဖြင့် သင်းကွဲငှက်
အုပ်စုလိုက် ပျံသန်းနေတဲ့ တခြား တခြားသူတွေကို ငေးကြည့်ရင်း
ရီဝေနေတဲ့ မျက်လုံးအိမ်က အတိတ် ဆိုတာကို အရိပ်လိုဖော်လို့ ပြန်လှုပ်နှိုးလေပြီ။
အဝေး - အဝေး တစ်နေရာက ငှက်တစ်ကောင် ။ တစ်နည်းအားဖြင့် ရင်ကွဲငှက်။

-------------------------------



**အဖေ့အိမ်ကို ပြန်လာပါ** S James

လေတိုက်တိုင်း ကြွေရအောင် ရွက်ဝါတွေမှ မဟုတ်တာ။
ရေစီးတိုင်း မျှောရအောင်လဲ တက်မဲ့ လှေမှ မဟုတ်တာ။
ခက်ခဲတိုင်း ငိုရအောင်လဲ အဖေမဲ့ သားတွေမှ မဟုတ်တာ။
ကံကြမ္မာစေရာ သွားရအောင်လဲ လောကသားတွေမှ မဟုတ်တာ။
ကမ္ဘာကြီးကို ဖန်ဆင်းထိန်းချုပ် တဖက်သတ်အချစ် သူ့မေတ္တာနဲ့
မင်းနဲ့ငါ့ကို ရွေးကောက်ခဲ့တဲ့ ကောင်းကင်အဖ ထိုသခင်အား
ဘာ့ကြောင့်ရယ်များ မင်းမေ့နေတာလဲ။ ။

-------------------------------



**သို့ - ဖေဖေ ဖတ်ဖို့** သမီး(မေသူ)

ဖေဖေဟာ သမီးဘဝ အတွက်တော့ တာဝန်အကျေဆုံး ဖခင်ကောင်း တစ်ဦးပါ။ နားခိုးရာ နေရာလေး တစ်ခုပါ။ အသိုက်ကို တည်ဆောက်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။ သမီး ဘဝမှာ အဆင်မပြေတာတွေနဲ့ ကြုံတွေ့တိုင်း ဒုက္ခတွေနဲ့ ရင်ဆိုင်ရတိုင်း ဖေဖေ့ရဲ့ ဆုံးမ စကားသံတွေဟာ အရာရာ အားလုံးကို ကျော်ဖြတ်နိုင်အောင် ခွန်အား တခုလို ဖြစ်စေခဲ့ပါတယ်။ ငယ်စဉ်ကတည်းက သမီးကို အရွယ်နဲ့ မလိုက်အောင် သင်ကြားပေးခဲ့တဲ့ ဖေဖေ့ကို သမီး ကျေးဇူးအရမ်းတင်ပါတယ်။ တနည်းအားဖြင့် ဖေ့ဖေ့ကို သမီး အရမ်းချစ်ပါတယ်။ ဖေဖေဟာ သမီး အတွက်တော့ အားကိုးစရာဖခင် ကောင်းတစ်ဦးပါ။ ဖေဖေနဲ့ ဝေးနေရပေမဲ့ ဖေဖေရဲ့ သွန်သင် လမ်းပြမှု တွေနဲ့ အကြင်နာ မေတ္တာ တွေဟာ သမီးနဲ့ အရိပ်လိုပဲ အတူတူ ရှိနေဆဲပါ။ မကြာခင် ဖခင်များနေ့ ရောက်တော့မှာမို့ ဖေဖေ့ကို သမီး အရမ်းလွမ်းရပါတယ်။ ဖေဖေ နေကောင်းပြီး ဘုရားသခင် ကောင်းကြီး ပေးပါစေလို့ ဆုတောင်းရင်း။ ထာဝရ ဖေဖေကို ကျေးဇူးတင်လျက် - သမီး(မေသူ)

ရွှေကျမ်းချက်။ ။သားသမီးတို့ သခင်ဘုရား၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင် ကြလော့။ ဧဖက် ၆း ၁-၃

-------------------------------



**"ဘဝကောက်ကြောင်း"** F. penny (mizo) တမူး

တောင်ကုန်းလေးပေါ် ငါလေ ထိုင်ရင်း၊ ရှုခင်းများနှင့် သဘာဝ အလှ ငေးမောလို့ရယ်
ဘယ်၍ဘယ်မျှ လိမ်လည်ရှုပ်ထွေး ဘဝရဲ့ကောက်ကြောင်း တွေးတောရင်းနှင့်
ဩော် ... ဘဝ .... ဘဝ ... ရုန်းကန်လှုပ်ရှား ဘဝတစ်ခု ပြည့်စုံစေဖို့
ရမက် မပြေ၊ ရလေ လိုလေ အဆုံးသတ်ခြင်း မရှိနိုင်ရာ
ပြည့်စုံ၊ ပြည့်ဝမှု မရှိနိုင်ခဲ့တဲ့ ဘဝ ပါလား။ ကျေးငှက်လေးတွေ လိုရာသို့ ပျံကာဝဲလို့
လွတ်လပ် ပျော်ရွှင် သူတို့ ဘဝလေး ငေးကာ အားကျနေမိခဲ့တယ်။
ငါ့မှာတော့ စိတ်သွားရာ လူ မပါ။ လူသွားရာ စိတ် မပါနိုင်၊ ထမ်းနေရတဲ့ ငါ၏ဝန်ထုတ်
ဒယိမ်းဒယိုင်၊ ငါလေလျှောက်လှမ်း နေ့စဉ်နေ့ရက် အဆုံးမသတ်နိုင်ပါလား။
ဩော်.... ဘဝ ... ဘဝ ...။ ချိုတလှည့်၊ ခါးတလှည့် ရင်ဆိုင်အုံးတော့......
ကြံ့ကြံ့ခံရင်း... အဆုံးသတ်ရာ ပန်းတိုင်ဆီသို့ ငါလေ ဦးမော့ ရင်ကို ကော့....
အမိပွါယ် ရှိစွာ၊ ဘဝတစ်ခု ဖြစ်တည်စေဖို့ လျှောက်ကာလှမ်းလို့ရယ်။
ဩော်... ဘဝ .... ဘဝ ... ဘဝရဲ့ ပန်းတိုင်ဆီသို့။ ။ F. penny (mizo) တမူး

-------------------------------



**"ဥယျာဉ်မှူးသို့"** SAMUEL SOE LWIN

ဝါသနာ ဆိုတာ ဖြစ်လိုတာ ။ ဖြစ်လိုတာက ဆန္ဒ
ဒီဗီဇ ၊ သား ရင်မှာ ကျရောက်တော့ ခိုအောင်း အမြစ်တွယ်
ရှင်သန်ကြီးထွားလာတာများ ၊ စားလည်း မငြိမ်၊ သွားလည်းမငြိမ်ဘူး
စကားကုန်ကုန်ဆို အိပ်လည်းမငြိမ် လှုံ့ဆော်နေတာက
သား ရင်တွင်းက ဝါသနာပါ သခင်...။
သခင် သားကို ပြုစုခဲ့လို့ ထင်ရဲ့ ဝါသနာကို ပြုစုရတာက
ရေနဲ့ တူတဲ့ မုင် ။ မြေနဲ့ တူတဲ့ စက္ကူ ၊ ကမ္ဘာကို မွှေနှောက်စေတဲ့
မြေသြဇာတွေ ကျွေးလည်း၊ အခါ မိုးပဲ မငဲ့၍လား
စံထိုးမှုမှာပဲ လွဲ၍လား မသိ ။ သား ဝါသနာ
သာသနာကို အလှမဆင်နိုင်ခဲ့ပါဘူး သခင်။



ရက်မှ လ နှစ်ရှည်ကြာလည်း ဝါသနာကတိုး၍ ခိုင်မြဲပါ သခင်...
ကဗျာတစ်ပုဒ်မှ နောက်တစ်ပုဒ် စာမျက်နှာထက် ရောက်ပြန်တော့
မြဲခဲ့တဲ့ နှစ်တွေကိုမေ့ ပီတိအပြုံးတွေပွေ့ပြီး ဝါသနာဆိုတာ ဖြစ်လိုတာ
ဖြစ်လိုတာက ဆန္ဒ ။ ဒီဗီဇ အခါမိုးပဲ သွန်းဖြိုး၍လား
စံထိုးမှုမှာ တိုးခဲ့၍လားမသိ သာသနာတော်မြတ်အတွက်
သား စာပန်းအလှတွေ ဆင်နိုင်လေပြီသခင်...။ ။ SAMUEL SOE LWIN

-------------------------------



**ဖတ်စေချင်လွန်းလို့ပါ** Zane

လင်မယား စုံတွဲ တစ်တွဲပါလာတဲ့ သင်္ဘော တစ်စင်း နစ်မြုပ်သွားတယ်။ အချိန်တော်တော်ကြာမှ အသက်ကယ်လှေတစ်စင်း ရောက်လာတယ်။ အသက်ကယ် လှေပေါ်မှာနေရာဆိုလို့ တစ်နေရာဘဲ ကျန်တော့တယ်။ အဲဒီအချိန်မှာ ယောက်ျားဖြစ်သူက



FATHER'S catch of the DAY

Happy Father's Day

သူ့ မိန်းမကို သူ့အနောက် ဆွဲချလိုက်ပြီး သူကိုယ်တိုင် အသက်ကယ် လှေပေါ် ခုန်တက်လိုက်တယ်။ အဲဒီ အမျိုးသမီး ကတော့ တဖြည်းဖြည်းချင်း နစ်မြုပ်နေတဲ့ သင်္ဘောပေါ်မှာ ရပ်ပြီး သူ့ယောက်ျားကို စကားတစ်ခွန်း အော်ပြောလိုက်တယ်။ ဒီနေရာအထိ ပြောပြီးတော့ ဆရာမက ကျောင်းသားတွေကို မေးလိုက်တယ်။ "မင်းတို့ ခန့်မှန်း ကြည့် အမျိုး သမီးက ဘာအော်ပြောလိုက်သလဲ?" ကျောင်းသားတွေကတော့ အလုအယက် ဒေါနဲ့ မောနဲ့ အော်ပြောကြတယ်။ "ငါနင့်ကိုမုန်းတယ် ။ ငါ့ကို ထားပစ်ရစ်ခဲ့တယ်" အဲဒီ အချိန်မှာ ဆရာမက ကျောင်းသူလေး တစ်ယောက်ကို ဘာမှ မပြောတာကို သတိထားမိတော့ ဆရာမက သူ့ကိုမေးလိုက်တယ်။ အဲဒီ ကျောင်းသူလေးက ပြန်ဖြေလိုက်တယ်။ "ဆရာမ သမီး ထင်တယ်။ အဲဒီ အမျိုးသမီး အော်ပြောလိုက်မှာက ငါတို့ ကလေးကို ကောင်း ကောင်း ဂရုစိုက်ပေးပါ လို့"… ဆရာမက အံ့ဩသွားတယ်။ သူ့ကို ပြန်မေးလိုက်တယ်။ "အဲဒီ ပုံပြင်ကို နားထောင်ဖူးလို့လား" ကျောင်းသူလေးက ခေါင်းကို ခါပြီး ပြောလိုက်တယ်။ "ဟင့်အင်း… သမီး မေမေ နေမကောင်းဖြစ်ပြီး ဆုံးခါ နီးမှာ ဒီစကားဟာ သူ ဖေဖေ့ကို ပြောခဲ့တဲ့စကားပါ" ဆရာမက ပြန်ပြော လိုက်တယ်။ "အဖြေ မှန်ပါတယ်ကွယ်" သင်္ဘော နစ်မြုပ်သွားပါတယ်။ ယောက်ျား က သူ့မြို့ကို ပြန်ရောက်ပြီး သမီးလေးကို ကြီးပြင်းလာတဲ့အထိ ကိုယ်တိုင် ပြုစု စောင့်ရှောက် ပေးခဲ့တယ်။ နှစ်ပေါင်းများစွာ ကြာပြီးနောက် အဲဒီ ယောက်ျားဟာလဲ ရောဂါနဲ့ ဆုံးပါးသွားတော့ သမီးဖြစ်သူက သူကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကို ရှင်းတော့မှ သူ့ ဖေဖေရဲ့ နေ့စဉ် မှတ်တမ်းစာအုပ်ကို တွေ့တယ်။ အဲဒီ အချိန်ရောက်မှ သူသိလိုက်တယ်။ ဖေဖေနဲ့ မေမေ သင်္ဘောအတူစီးတဲ့ အချိန်မှာ မေမေ့ရောဂါ ဟာ နောက်ဆုံး အဆင့်ကို ရောက် နေပါပြီ။ အရေးပေါ်အချိန်မှာ ဖေဖေ ဟာ အသက်ရှင်ဖို့ တစ်မျှင်သာ ရှိတဲ့ နေရာကို အရောက်ပြေးခဲ့တယ်။ သူ့ရဲ့ မှတ်တမ်းစာအုပ်မှာ ရေးထားတာက "ငါ မင်းနဲ့ ဒီ ပင်လယ် အောက်ကို အတူတူသာ နစ်မြုပ် သွားလိုက်ချင်ပါတယ်။ ဒါပေမဲ့ ဒါဟာ မဖြစ်နိုင် ပါဘူး။ သမီးလေး အတွက်ကြောင့် ဒီပင်လယ် ရေနက်အောက်မှာ နင် တစ်ယောက်တည်းကိုဘဲ ထားခဲ့လိုက်ရတာပါ"။ ပုံပြင်ပြောလို့ ပြီးသွားပါပြီ။ အခန်း ထဲမှာလဲ ငြိမ်သက်သွားပါတယ်။ ဆရာမက သိတယ်။ သူ့ ကျောင်းသားတွေ ဒီ ပုံပြင်ရဲ့ အနစ်သာရကို နားလည်လိမ့်မယ်လို့။ ဒီလောကမှာရှိတဲ့ ကောင်းခြင်း ဆိုးခြင်း ဆိုတာတွေ တခါတလေမှာ ပွေလီရှုပ်ထွေးလှပါတယ်။ ပိုင်းခြားရမှာ ခက်ခဲလှပါတယ်။ ဒါကြောင့် အရာရာတိုင်းကို အပေါ်ယံဘဲကြည့်ပြီး အလွယ်တကူ ဝေဖန် ပိုင်းခြားလို့ မရပါဘူး။ ပိုက်ဆံရှင်းချိန်မှာ ပိုက်ဆံအရင် ထုတ်ပြီး ရှင်းတဲ့သူဟာ သူ ပိုက်ဆံ အရမ်း ချမ်းသာ နေလို့မဟုတ်ဘူး။ သူက ဒီသူငယ်ချင်း သံယောဇဉ်ကို ငွေကြေးထက် ပိုပြီး အလေး ထားလို့ပါ။ အလုပ်လုပ်ချိန်မှာ အသိစိတ်နဲ့ ပိုပြီး ကြိုးစားလုပ်တဲ့သူဟာ သူ အ နေလို့ မဟုတ်ဘူး။ သူက တာဝန်သိတတ်လို့ပါ။ ရန်ဖြစ်တဲ့ အချိန်မှာ အရင်ဆုံး တောင်း ပန်တဲ့ သူဟာ သူမှားနေလို့မဟုတ်ဘူး။ ကိုယ့်ဘေးက လူကို သူ တန်ဖိုး ထားရမှန်း သိနေလို့ပါ။ မင်းကို အမြဲကူညီနေတဲ့ သူဟာ မင်းဆီကနေ တစ်စုံ ပြန်ရဖို့ တောင့်တနေတာ မဟုတ်ဘူး။ မင်းကို သူငယ်ချင်း အစစ် တစ်ယောက်အနေနဲ့ တန်ဖိုး ထားလို့ပါ။ မင်းကို အမြဲ မက်ဆေ့ ပို့ ဆက်သွယ်နေတဲ့ သူဟာ သူ အားယားနေလို့ မဟုတ် ပါဘူး။ ဒါဟာ သူ့ စိတ်ထဲမှာ မင်း ရှိနေလို့ပါဘဲ။ Zane မျှဝေ ပေးတာလဲ မေတ္တာ တစ်ခုပါ။ ။ Zane

Dr Shwe Tun ထံမှ ထပ်ဆင့် မျှဝေ ပါသည်။

(ဝန်ခံချက်။ facebook တွင်တွေ့ရသော စာမူအား အပြည့်ပြည်ဆိုင်ရာ အဖေများနေ့ အတွက် စာမူအဖြစ် သခင့်စကား စာစောင်မှာ ထပ်ဆင့်ဖော်ပြလိုက်ပါတယ်။ မူရင်း စာရေးသူ၊ ထပ်ဆင့်ဖော်ပြသူ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။)

---

## အမေများအတွက်ဂုဏ်ပြုအင်္ဂလိပ်စာလုံးများ (မင်းအောင်သက်လွင်)

မိခင်များအား အင်္ဂလိပ်အက္ခရာများအားဖြင့် တင်စားဂုဏ်ပြုခြင်း။ အမေဆိုတာ -

A – Aim for Arrow. မြှားတစ်စင်းရဲ့ ပစ်မှတ် ဖြစ်တယ်။
B - Beautiful bride. လှပသော သတို့သမီး ဖြစ်တယ်။
C – Colourful crown. ရောင်စုံခြယ် သရဖူ ဖြစ်တယ်။
D – Diamond in the dirty. အမှိုက်ပုံထဲက စိန်တစ်ပွင့် ဖြစ်တယ်။
E – Eve of Earth. ကမ္ဘာဦး မိခင် ၊ ဧဝ ဖြစ်တယ်။
F – Flower for follower. နောက်လိုက်တွေရဲ့ ပန်းပွင့် ဖြစ်တယ်။
G – Gold of Garden. ဥယျာဉ်ထဲက ရွှေ ဖြစ်တယ်။
H – Heart for Home. မိသားစု ရဲ့ အသည်းနှလုံး ဖြစ်တယ်။
I – Idol အလွန် လေးစားခြင်းခံရသူ ဖြစ်တယ်။



J – Joy of Jewel ပျော်ရွှင်ခြင်း ရတနာ ဖြစ်တယ်။
K – King of Kindness အကြင်နာတရား၏ ထိပ်ခေါင် ဖြစ်တယ်။
L – Lovely Lady. ချစ်စရာကောင်းသော မိန်းမ ဖြစ်တယ်။
M – Marvelious Mother. အံ့အားသင့်ဘွယ်ကောင်းသော မိခင် ဖြစ်တယ်။
N – Nurse for need. နာကျင်လိုအပ်နေသူတွေအတွက် သူနာပြုကောင်း ဖြစ်တယ်။
O – Oil of Obedience နာခံခြင်း ဘိသိက်ဆီ ဖြစ်တယ်။
P – Precious Princess. တန်ဖိုးကြီးတဲ့ မင်းသမီး ဖြစ်တယ်။
Q – Qualify Queen အရည်အသွေးမီတဲ့ ဘုရင်မ ဖြစ်တယ်။
R – Rose of Rightness. ဖြောင့်မတ်ခြင်း နှင်းဆီ ဖြစ်တယ်။
S – Super of all Stars. ကြယ်တွေအားလုံးရဲ့ အရှင် ဖြစ်တယ်။
T – Top of Treasure အကောင်းဆုံး ရွှေငွေကျောက်သံပတ္တမြားတွေဖြစ်တယ်။
U – Unique ပြိုင်ဘက်မရှိသောသူ ဖြစ်တယ်။
V – Vealuable Venus. တန်ဖိုးမဖြတ်နိုင်တဲ့ အချစ်နဲ့ အလှ နတ်သမီး ဖြစ်တယ်။
W – Wonderful Woman. အံ့ဘွယ်မိန်းမ ဖြစ်တယ်။
X – Xeranthemun မညှိုးပန်း ဖြစ်တယ်။
Y – Young for youth. လူငယ်တွေရဲ့ ပျိုမြစ်ခြင်း ဖြစ်တယ်။
Z – Zenith of Zillion သန်းပေါင်းများစွာတို့၏ အထွတ်အထိပ် ဖြစ်တယ်။







---

## ခွင့်လွှတ်ပါကွယ် (အမည်မသိစာရေးသူ)

ခွင့်လွှတ်ပါကွယ်

ဒီနိုင်ငံမှာနေတာ တစ်ခါတစ်လေ ပျော်တယ်။ တစ်ခါတစ်လေ မပျော်ဘူး။ ဘာဖြစ် လို့လဲ သိလား။ ဒို့က မိခင်ငယ် တစ်ယောက်မို့လို့ပါ။ ဒို့မှာ ဖိုးခွါးလေး ၂ယောက် ရှိတယ်။ တစ်ယောက်က ၉နှစ်၊ အခု ၄တန်း တက်နေတယ်။ အငယ်လေးက ၅နှစ်၊ သူငယ်တန်း။ ဒို့ ကြွားပြောတာ မဟုတ်ဘူး သူတို့ (၂)ယောက် စလုံး အရမ်း လိမ္မာ ကြတယ်။ အကြီးကောင်ဆို စကားပြောရင် သူ့ကိုယ်သူ ဖိုးခွါး ဖိုးခွါးနဲ့ ကြွားရတဲ့ သူတိုင်း နားဝမှာ နားဝင်ချိုပြီး စိတ်ကိုချမ်းသာကြတယ်။ ဒို့နေရာမှာ မိခင် တစ်ယောက်အနေနဲ့ နေကြည့်ပါ။ ဘယ်လောက် ကြည်နူးဖို့ကောင်းလဲ။ ပြီးတော့ အခုဆို ကျောင်းမှာ အမြဲတမ်း အဆင့် ၁ ပဲရတယ်။ ဒါတွေဟာ ဘုရား ပေးတယ်လို့ပဲ ဒို့ ခံစားမိတယ်။ ဒို့ဟာ မိခင် နေရာရော ဖခင်နေရာမှာပါ ရပ်တည်ပြီး ဒီစက်ရုံမှာ အလုပ် လုပ်နေရတယ်။ ဖိုးခွါး နှစ်ယောက် အတွက်လည်း ပါတာပေါ့နော်။ ဒို့ မကြိုးစားရင် မရဘူး။ သူတို့ လေးတွေ လူကြားထဲမှာ မျက်နှာငယ်တာကို မမြင်ချင်ဘူး။ ဒါတွေဟာ မိခင် တစ်ယောက်ရဲ့ ခံစားချက်ပါ။ ဒို့မှာ လင်ယောကျ်ား မရှိလို့ မဟုတ်ဘူး။ ရှိတယ်၊ အခု လက်ရှိ အသက် ရှင်နေသေးတယ်။ ဒါပေမဲ့ အိမ်ထောင်ကို ဦးစီး လုပ်ကိုင်ရမယ်ဆိုတာ သူ မသိဘူး။ အလုပ် ရှိရင် လုပ်တယ်၊ မရှိရင် မလုပ်ဘူး။ ပြီးတော့ အရက်သေစာ အမြဲ တမ်း သောက်စားတယ်၊ ဒါပေမယ့် ဒို့ သူ့ကို ဘုရားသခင် ဆီမှာပဲ ဆုတောင်း အပ်နှံ ထားတယ်၊ ဒို့ အိမ်ထောင်ကျပြီး ဘဝကို ကြမ်းကြမ်း တမ်းတမ်း လုပ်ကိုင်ခဲ့ ရတယ်၊ ပြန်တွေးရင် ရင်နာလို့ မဆုံးဘူး။ 'မည်သူမပြု မိမိမှု' ပဲပေါ့။ ဒါပေမဲ့ ဒို့ စိတ်ဓာတ် မကျဘူး။ ဒို့ ကိုးကွယ်ယုံကြည်တဲ့ ဘုရားသခင်ဟာ ဒို့ဘေးနားမှာ အမြဲရှိတယ်။ He always standing beside of me ဘာမှ ကြောက် စရာ မရှိဘူး။ ဒို့ တောင်းတိုင်း သူ အမြဲတမ်း ပေးခဲ့တယ်။ သခင့်စကား လေးရယ်၊ ဒို့ မနှစ်က စာတစောင် စပြီး ရေး တယ်၊ ဒီနှစ် ၁စောင် စပြီး ရေးတယ်။ ဒီနှစ် ၁စောင်၊ နောက်နှစ် တွေလည်း ဒို့ ရေး မယ်နော်။ ဒို့ကို ခွင့်လွှတ်ပါကွယ်၊ ဒို့လေ လတိုင်း အိမ်ကို ငွေပို့တယ်၊ ပြီးတော့ အမိုးနှင့် အပါးအတွက်ပေါ့။ ဒို့ စာသင်ရင်း အိမ်ထောင်ကျသွားလို့ မိဘ ကျေးဇူး ကောင်း ကောင်း မဆပ်လိုက်ရဘူး။ မြန်မာပြည်မှာ နေရင် သူတို့ကတောင် ကျွန်မတို့ ကို ပြန်ပြီး ထောက်ပံ့နေရအုံးမယ်၊ မိဘတွေက မပေးရင် ရတယ်၊ ဒါပေမဲ့ ဒို့ လူ့လောက ထဲ ရောက်လာတဲ့ အချိန်ကစပြီး ကျွေးမွေးပြုစု ကျောင်းထားခဲ့တဲ့ ကျေးဇူး တရားတွေ ဆပ်မကုန်နိုင်အောင် ပဲကွယ်။ အဲ့ဒါကြောင့် ဒို့ အရဲစွန့်ပြီး ဒီကို ထွက်လာခဲ့ တာပေါ့။ သူတို့လေးတွေကို နေ့စဉ်နဲ့အမျှ သတိရ လွမ်းနေမိတယ်၊ ဒါပေမဲ့ ကျမ်းစာ ဖတ် ဆုတောင်းပြီး ဘုရားသခင်ဆီမှာ ခွန်အားယူနေရတယ်၊ ဒို့ရည်မှန်း ထားတဲ့ ပန်းတိုင် ရောက်အောင် တက်လှမ်းရမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒို့ ဘုရားသခင်ကို ကတိ ပေးထားတယ်။ ဒို့ဖိုးခွါး အကြီးကို ကျမ်းစာကျောင်း တက်ခိုင်းပြီး ဘုရား အမှုတော် ဆောင်ဖို့ အပ်နှံထားပြီးပြီ။ အခုတော့ ငယ်သေးတယ်။ ဒါပေမယ့် အရမ်း လိမ္မာ တယ်။ အဲ့ဒီအတွက် ဒို့ စိတ်ချမ်းသာတယ်။ ဒို့လေ ဒုတိယ ကိုယ်ဝန် ဆောင်တုန်းက မိန်းကလေး လိုချင်လို့ သေမတတ်ဘဲ၊ နေ့တိုင်း မင်းသမီးချောလေး တွေရဲ့ ဓါတ်ပုံတွေကို ကြည့်ပြီး အဲ့ဒီလို ချောချောလေး ရပါစေလို့ ဆုတောင်းတယ်။



သခင့်စကား မိသားစုရေးရာ စာစောင်၊ အမှတ်စဉ် ၁၆၆ ဇွန်လ ၂၀၁၅ ခုနှစ်။
နိုင်ငံခြားတွင်မှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ဝေရန် ကန့်သတ် ထုတ်ဝေသည်။

ဒါပေမဲ့ ဘုရားသခင်ဟာ အရာအားလုံးကို ကြိုမြင်ပြီးသားနော်။ စဉ်းစားကြည့်တော့ ဒို့က အဲ့ဒီတုန်းက မိန်းကလေးသာ မွေးခဲ့ရင် အခုလို အပြင်ထွက် အလုပ်လုပ်ဖို့ စိတ်ဖြောင့်မှာ မဟုတ်ဘူး။ Thank You God သိပ်ကောင်းမြတ်တဲ့ ဘုရားသခင်ပါကွယ်။ အချိန်နာရီ အတိအကျပဲ။ မလွဲ စေရဘူး။ အဲ့ဒီတော့ ဒို့ ဘာမှ မပူတော့ဘူး။ အလုပ် လုပ်စရာရှိတာ လုပ်မယ်။ ပြီးရင် ဘုရားသခင်နဲ့ စကားပြောမယ်။ သီချင်းဆိုမယ်။ ဘယ်လောက် ပျော်ဖို့ကောင်းလဲကွယ်။ စာဖတ်သူတွေလည်း ကိုယ့် အခက်အခဲရှိရင် ဘုရားလက်ထဲ ရဲရဲ အပ်နှံလိုက်ပါ။ အားလုံး ok သွားစေရမယ်။ ချစ်သော ခရစ်ယာန် ညီအစ်ကို မောင်နှမ ဆရာ မိဘ အားလုံး ပျော်ရွှင်မှုအပေါင်းနဲ့ ပြည့်ဝနိုင်ကြပါစေလို့…။ ။(အမည်မသိစာရေးသူ)

---

## လက်တို့ပြီးပြော---

### လက်တို့ပြီးတော့ပြောရအုံးမယ် ( ၇ ) ဟီတန်နီး

ဦးစွာ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ချစ်သော မိတ်ဆွေတို့ကို လက်တို့ပြီးတော့ မေးလိုက်အုန်းမယ်။ ဘုရားသခင် သင့်အပေါ် ကယ်တင်နိုင်တယ်ဆိုတာ အပြည့်အဝ ယုံကြည်ရဲ့လား။ သင် နေ့စဉ် ပြုနေတာက အပြစ်တရားတွေဘဲ။ ပညတ် တရားအားဖြင့် လူတိုင်းမှာ အပြစ်ရှိနေတယ်။ ထို အပြစ်တရား များကို လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက ယေရှုဘုရားက လူသားအားလုံး အပြစ်တွေကို ကိုယ်စား အသေခံပေးလို့ အပြစ်တရားငရဲမှ လွတ်မြောက်ခွင့်ကို ရခဲ့ကြတာ မိတ်ဆွေများ အသိဆုံးပါ။ အပြစ်တရား၏ အခကား၊ သေခြင်း ဆိုတာလဲ သတိပြုမိစေချင်ပါတယ်။ ထို သေခြင်းရဲ့အပြစ်ကို ကယ်တင်ပေးနိုင်တဲ့ သူကတော့ ဤ ကမ္ဘာ လောကကြီးရဲ့ အရှင်ယေရှု တစ်ပါးတည်းဆိုတာ သင်မမေ့နဲ့နော်။ သခင်ယေရှု၏ ဂတိတော်အတိုင်း အပယ်ငရဲမှ လွတ်မြောက်ခြင်း အကျိုးကို ဒီနေ့ ယုံကြည်သူ သားသမီး အယောက်ဆီတိုင်း ခံစားနေကြရတာပါ။ တမန်တော်ဝတ္ထု( ၄ း ၁၂ )ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမ တစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။ ဖတ်ရှုသူ အယောက်စီတိုင်း သခင်ယေရှု၏ မေတ္တာတော်၊ ကျေးဇူးတော်ကို အစဉ် သတိရ၍ အပြစ်တရားမှ လွတ်မြောက်ကြပါစေ။ ။ဟီတန်နီး

---

## သက်သေခံချက်

### သက်သေခံချက် (အမည်မသိစာရေးသူ)

လူကို လူချင်း ဂတိတည်ဖို့တောင် ပေးသေးတာ။ ဘုရားကို ပေးထားတဲ့ ဂတိ တည်ဖို့က ပိုလို့တောင် ခက်သေး။ သို့ပေမဲ့ ကိုယ်ရဲ့ နှုတ်မှ ထွက်ပြီးသား စကားကို တည်နိုင်အောင် ကြိုးစားနိုင်ဖို့ လိုတယ်မိတ်ဆွေ။ မဟုတ်ရင် သင်ဟာ လူလိမ်လူညာ ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့သူ တယောက် ဖြစ်သွားတဲ့အပြင် ကိုယ့်ကိုနောက် တကြိမ် ယုံကြည်ဖို့ဆိုတာ ပိုလို့ ခက်ခဲသွားပါလိမ့်မယ်။ တယောက်နဲ့ တယောက် ဆက်ဆံရေးမှာ သံသယတွေ ကင်းစေဖို့ အဆင်ပြေဖို့ ကိုယ့်ကို ယုံကြည်မှု မပျက်စေဖို့ အတတ်နိုင်ဆုံး ကိုယ့်နှုတ်ထွက် စကားကို တည်နိုင် အောင် ကြိုးစားကြရ ပါတယ်။ ဒါက လူလူချင်း ဆက်ဆံရေးမှာပေါ့။ တကယ်လို့ သင့်မှာ ဘုရားကို ပေးထားတဲ့ ဂတိ သေးသေးလေးပဲဖြစ်ဖြစ် ရှိခဲ့တယ်ဆိုရင် တည်အောင် လုပ်ဖို့ တိုက်တွန်း ချင်ပါတယ်။ ကျွန်ုပ်ရဲ့ အသက်တာထဲက ရင်းပြီး ရခဲ့တဲ့ အသိတွေပါ။ ကျွန်ုပ်ဟာ ဘုရားကို ဂတိပေးပြီး မတည်ခဲ့ပါဘူး။ ပေးထားတဲ့ ဂတိကို သတိရလိုက် မရလိုက် ဖြစ်နေခဲ့ပါတယ်။ သတိရပေမဲ့လဲ တည်အောင် မကြိုးစားခဲ့တာ ပျက်နေခဲ့တာ လေးနှစ် နီးပါး သုံးနှစ်ကျော်ကျော်လောက် ကြာနေခဲ့ပါတယ်။ ကျွန်ုပ် ဒီ စလုံး မှာ အလုပ် စဝင်ပြီး အစမ်းခန့် ခြောက်လလောက်ကို ဘုရားရဲ့ စောင်မမှုနဲ့ ချောချောမွတ်မွတ် ကျော်ဖြတ်ခဲ့တယ်။ အလုပ် သက်တမ်း ရင့်လာလေ လုပ်ရတဲ့ အလုပ်တွေ တာဝန်တွေ ပိုကြီးလာခဲ့ပါတယ်။ ကိုယ့်ရဲ့ အလုပ်ရှင်ကလဲ ပေတံ တောင် အမေ ခေါ်ရ လောက်အောင် ဖြောင့်ပြီး တိကျတဲ့ တရုတ်မ တယောက်ပါ။ ကိုယ့်ရဲ့ အလုပ်ထဲမှာ ကိုယ့်ရဲ့ လုပ်ရည် ကိုင်ရည် မကောင်းဘူးဆိုရင် ဘယ်လောက်ပဲ လုပ်သက် ကြာကြာ သူ့စိတ်နဲ့ မတွေ့ရင် ပြန်ပို့ ခံထိမှာပါ။ သူဌေးက မကြိုက်လို့ ပြန်ပို့ခံ ထိတယ်ဆိုတဲ့ အပြော အမြင် မခံရဖို့ အကောင်းဆုံးတော့ ကြိုးစားခဲ့ပါတယ်။ ကိုယ်က အကောင်းဆုံး ကြိုးစားပေမဲ့ သူ့စိတ်နဲ့ မတွေ့ရင် ခက်သား။ အဲသလိုမျိုး မဖြစ်စေဖို့ သူနဲ့ တယောက်ချင်း ဖြစ်စေ၊ ဗျာနလိုက် ဖြစ်စေ၊ တွေ့တော့မယ်ဆိုရင် ကျွန်ုပ် အမြဲ ဆုတောင်း ပါတယ်။ ဘုရားသခင် အဆင်ပြေအောင် မစပါ။ အဆင် ပြေပြေ ဖြစ်သွားခဲ့မယ် ဆိုရင် ကျွန်ုပ် ဘုရားရဲ့ ကောင်းမြတ်ခြင်း အကြောင်းကို ချီးမွမ်း သက်သေ ခံစာ ရေးပို့မယ်လို့ ဘုရားကို ဂတိပေးခဲ့ပါတယ်။ အရာ အားလုံး အဆင်ပြေ ချောမွတ်စွာနဲ့ ပြီးရုံမက အလုပ်ရှင်ရဲ့ ချီးမွမ်းတာကိုပါ ခံရပါတယ်။ အစည်း အဝေး တခု မက။ နှစ်ခု။ အစည်းအဝေးတိုင်း ဘုရား ပါရှိ ပို့ဆောင် ပေးခဲ့ပါတယ်။ သို့ပေမဲ့ ကျွန်ုပ်က ပေးထားတဲ့ ဂတိ တခု။ မတည်တဲ့အပြင် နောက်ထပ် ဂတိတခုကိုပါ လွယ်လွယ်နဲ့ ထပ်ပေးလိုက်ပါသေးတယ်။ ဘုရား သခင်ဟာ ကျွန်ုပ်ကို အချိန် အများကြီး ပေးခဲ့ပါသေးတယ်။ ဒါပေမဲ့ ကျွန်ုပ်ဟာ ပေးထားတဲ့ ဂတိကို မေ့နေတာ မဟုတ်ပဲ။ တည်အောင် မကြိုးစားခဲ့တာပါ။ ဘုရားအပေါ် ကျွန်ုပ် အလေး မထားသလို ကြောက်ရွံ့မှု နည်းသလို ဖြစ်သွားခဲ့ပါတယ်။ ကျွန်ုပ်ဟာ အလုပ်ထဲမှာ တဖြေးဖြေး အပေါ်ကို တက်နေရင်းမှာပဲ။ အောက်ကို တဖြေးဖြေး ပြန်ကျခဲ့ပါတယ်။ ဘုရားသခင် ကောင်းမြတ် ပါတယ်။ ကျွန်ုပ် အကျ နာမှာ စိုးလို့ တဖြေးဖြေးပဲ ကျစေခဲ့ပါတယ်။ ကျွန်ုပ် အကောင်းဆုံး လုပ်ခဲ့တယ်။ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကျွန်ုပ် ရတဲ့ ရလဒ်က မကောင်းတော့ပါဘူး။ ကျွန်ုပ် ဟာ တဖြေးဖြေး အောက်ဆုံး အထိကို ကျလာခဲ့ပါတယ်။ လုပ်တိုင်းလဲ အဆင် မပြေတော့ပါဘူး။ ကျွန်ုပ်ကြောင့် သုံးနှစ်ထိပဲ အစမ်းသပ်ခံထားရတဲ့ ပရောဂျက် အသစ် တခု ပျက်လုလု နီးပါး ဖြစ်ခဲ့ရပါတယ်။ အလုပ်ထဲမှာရော လူမှုပေါင်းသင်း ဆက်ဆံရေးမှာပါ ကျွန်ုပ် ကျရှုံးလာခဲ့ ရပါတယ်။ လုပ်တိုင်း မဖြစ်မြောက် ခဲ့ဘူး။ ဖြစ်မြောက်လာတဲ့ အရာတိုင်းလဲ စိတ်ကျေနပ်မှု မရတဲ့အပြင် ဝန် ကိုပါ လေးစေခဲ့ပါတယ်။ ဒီတော့ ကျွန်ုပ် တဖြေးဖြေးနဲ့ စပြီး ဆင်ခြင် လာမိပါတယ်။ ဘုရား ဆီမှာ အမြဲတမ်း ချဉ်းကပ်တဲ့သူ ဘုရားကျောင်း အမြဲ တက်တဲ့ သူက ကောင်းချီး မခံစားရဘူးဆိုပြီး ဘုရားကို အပြစ်တင်ခဲ့ပါတယ်။ ဘုရားက ကျွန်ုပ် သူ့ကို လျစ်လျူရှု ခဲ့သလို သူ ကျွန်ုပ်ကို လျစ်လျူ မရှုခဲ့ပါဘူး။ ကျွန်ုပ် အပြစ်ကိုပဲ သူ လျစ်လျူရှုဖို့ သူ ကြိုးစားခဲ့တာပါ။ သူသာ ကျွန်ုပ်ကို စိတ်နာပြီး ပစ်ပယ်ခဲ့မယ်ဆိုရင် သူ့ရဲ့ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့လို့ အယုံအကြည် မထားခဲ့တော့ဘူးဆိုရင် ကျွန်ုပ်ကို လှည့်မကြည့်တော့ပဲ ဝန်ထုတ်ဝန်ပိုးထဲမှာပဲ ပိစေခဲ့မယ်ဆိုရင် အခုဆိုရင် ကျွန်ုပ် ဟာ ပျက်စီးခြင်းကို ရောက်နေပြီပေါ့။ ဒါပေမဲ့ သူက သူ့ရဲ့ ကောင်းချီး ပြန် ခံစား ချီးမွမ်းနိုင်ဖို့ အခွင့်အရေးပြန်ပေးခဲ့ပါတယ်။ မကြာပါဘူး။ သူ ကျွန်ုပ်ကို ဒီ ကျမ်းပိုဒ်လေး အားဖြင့် ပြန်ပြီး အသိဝင်စေခဲ့ပါတယ်။ တရားဟောရာကျမ်း (၂၃း၂၁-၂၃)။ ကျွန်ုပ် ယုံကြည်တယ်။ ဒီချီးမွမ်း သက်သေခံ စာစောင်လေးကို လူတွေ ဖတ်ခွင့်သိခွင့် ရတဲ့ အချိန်က စပြီး ကျွန်ုပ်ရဲ့ ဝန်တွေ ပေါ့စေခဲ့မှာ အမှန်ပါ။ မိတ်ဆွေ များလဲ ကိုယ့်ရဲ့ နှုတ်ထွက် ဂတိကို တည်စေဖို့ တိုက်တွန်းချင်ပါတယ်။ ဘုရားက ကျွန်ုပ်တို့ကို အသက်ရှင် ခွင့်ပေးတာ သူ့ရဲ့ ဘုန်းတော်ကို အစဉ် ချီးမွမ်းစေဖို့ ဖြစ်တယ်။ ဒီစာလေး အားဖြင့် စာဖတ်သူများ ဘုရားရဲ့ ကောင်းမြတ်မှု၊ ကျေးဇူးတော်၊ ဘုန်းတန်ခိုးတွေကို စမ်းသပ်ခံစားမိပြီး ကျွန်ုပ်လိုမျိုး အိပ်ပျော်နေတဲ့ နှလုံးသား၊ အတွေးသမားအဖြစ်မှ နိုးထနိုင်ပါစေ။ အာမင်။

---

## သေမင်းအရိုက်မှကယ်တင်သောဘုရား

**သေမင်းအရိုက်မှကယ်တင်သောဘုရား** မြန်မာပြည် အလွမ်းသမား (ပီကင်းဘဲ)

ဆာလံ ၁၀၃း ၁-၁၂။ ရှေ့ဦးစွာ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို အထူး ချီးမွမ်းပါတယ်။ ကျွန်မကို ဒီလို အသက်ရှင် ခွင့်ပေးပြီး ဘုရားသခင်ရဲ့ ကောင်းမြတ်ကြောင်းကို သက်သေ ခံခွင့် ရတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မ ဒီလို ၂၀၁၀ ဩဂုတ်လမှာ ဆိုရင် တော်တော်လေး စိတ်မကောင်းစရာတွေ များပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဆွေမျိုးတွေအထဲက တချို့က ကျွန်မဆီကို စာရေးတယ်။ တချို့က ကျွန်မဆီကို ဖုန်းနဲ့ အကူအညီ တောင်းပါတယ်။ တစ်ဦးက သူ့ သားကို မလေးရှားကို ပို့ဖို့အတွက် မလေးသွားဖို့ ငွေအတိုးနှင့် ရှစ်သိန်း ယူပြီး သွားရတဲ့ အကြောင်း အကူအညီ တောင်းတယ်။ နောက်တစ်ယောက်ကျတော့ နာဂစ် ဖြစ်ပြီး ဘုရားကျောင်း ပြန်ဆောက်တော့ ဆယ့်ငါးသိန်း အောက်တိုဘာလတွင် ပြန်ပေးရမယ်လို့ အကူအညီ တောင်းပါတယ်။ နောက်တစ်ယောက် ကျတော့ သူ့သားကို မိန်းမ ပေးစားဖို့ ငွေ လေးသိန်း အကူအညီ တောင်းတော့ ကျွန်မ ခေါင်း အရမ်းကိုက်ခဲ့ရတယ်။ အဲ့ဒီအချိန်မှာ ကျွန်မက ၂၀၁၀ ဖေဖော်ဝါရီလကနေ ဧပြီလအထိ ၃လ မြန်မာပြည် အလည် ပြန်ပြီး ပြန်လာတော့ အကြွေး US 6000 တင်ခဲ့ပါတယ်။ အကြွေး ကလည်း အကြွေးအေးပါဘဲ။ ပြန်တော့ ဟိုကလည်း အလှူငွေ တောင်း၊ ဒီကလည်း ကြည့်တော့ ဆင်းရဲ၊ ဒါတောင် ဟိုနည်းနည်း ဒီနည်းနည်းဘဲ ပေးခဲ့ရတယ်။ ပြန်လာတော့ အကြွေး တစ်နှစ်ကို တင်ခဲ့ရတယ်။ ဒါပေမဲ့ ပျော်ခဲ့ရပါတယ်၊ မရှိတဲ့ သူတွေကို ကူညီခဲ့ရလို့ပေါ့။ အကြွေးက တစ်နှစ်စာ တင်ခဲ့ရတဲ့အပြင် ကျွန်မ စိတ်ထဲမှာ တမန်တော် ရှင်ပေါလု ကို ရောမစစ်သားက ဒဏ်ချက် ၃၉ ချက်၊ ကြိမ်လုံး ၃ကြိမ်ရိုက်၊ တကြိမ် ခဲပစ်ခံရ ၃ကြိမ်မြောက် သင်္ဘောပျက်သူ။ စတဲ့ အဖြစ်အပျက်တွေကို သတိမိရတော့ ပီကင်းဘဲ တစ်ယောက် ပီကင်း အမျိုးတွေက ရှင်ပေါလုလို ဖြင်းဆဲသလားလို့ ထင်မိပါတယ်။ ငွေ အကူ အညီတောင် မပေးနိုင်တဲ့ ဒီထက်ဆိုးတဲ့ အမှုကတော့ ကျွန်မ တူလေး တစ်



သခင့်စကား မိသားစုရေးရာ မဂ္ဂဇင်း၊ အမှတ်စဉ် ၁၆၆ ဇွန်လ ၂၀၁၅ ခုနှစ်။
နိုင်ငံခြားမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အလှူငွေ အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။


ယောက် အသက် ၂၂နှစ်ဘဲ ရှိသေးတယ်။ သူ့မှာ ချစ်သူရှိတယ်။ အဲ့ဒါကို သိခဲ့တယ်။ ဘယ် အချိန်မှာ အတူတူနေခဲ့လည်း မသိဘူး။ ခေတ်ဆန် လိုက်တာ။ အဲ့ဒါ မတော် တရော်တွေ ဖြစ်ပြီး သူ့ရဲ့ ချစ်သူမှာ ကိုယ်ဝန်ရှိလာတယ်။ ၅လ တဲ့။ အဲ့ဒါနဲ့ ကျွန်မ ကတော့ သူ့မိဘကို ဘာမှမပြောဘူး။ စိတ်ထဲမှာတော့ ရှိတယ်။ သူ့မိဘကို ပြောဖို့ တူလေးကို နှစ်ခြင်းမင်္ဂလာ ပေးဖို့ သူ့ အမျိုးသမီးက နှစ်ခြင်း ယူပြီးသား ဆိုတော့ အသင်းတော်မှာ ဝန်ခံ အပြစ်ဝန်ချပြီး သူတို့ကို လူကြီးလေး နည်းနည်းနဲ့ ခရစ်ယာန် ဘာသာနှင့်အညီ ပြုပြင်ပြီး မင်္ဂလာဆောင်ပေးဖို့ လက်စွပ် မလုပ်နိုင်တောင် ငွေ လက်စွပ်လေး လုပ်ပေးဖို့ စဉ်းစားပါတယ်။ သူ့အမျိုးသမီးက ကိုယ်ဝန် ၃လ ရှိပြီးတဲ့ နောက် နှစ်လ ကြာတော့ ၃လရှိပြီးတဲ့။ အဲ့ဒါကို Nurse ကို ပိုက်ဆံ ၅၀၀၀၀ ပေးပြီး ကိုယ်ဝန် ဖျက်ချတယ်တဲ့။ တကယ့်ကို ရင်နာစရာ ကလေးဘဲ။ အဲ့ဒါ ဗိုက်ထဲက ကလေးက တော်တော်ကြီးပြီး။ အဲ့ဒါကို ကလေး ဖျက်ချပေးတဲ့ ဆရာမက မလုပ်နိုင်တော့ ထွက်ပြေး ပါလေရော။ အဲ့ဒါကို ကျွန်မ တူလေးက သူ့အမေကို ဖုန်းဆက်ပြီး အကူ အညီ တောင်းတဲ့ သတင်းကို ကျွန်မ အမေ သိတော့ နာ့စ် အလုပ်လုပ်တဲ့ ကျွန်မ ယောင်းမကို သွားမကြည့်နဲ့ တခုခု ဖြစ်လျှင် နင့်ကို အမှုပတ်မယ်လို့ ပြောတယ်။ ကျွန်မက ကျွန်မ ယောင်းမကို သွားကြည့်ခိုင်းတယ်။ ကျွန်မ အမေနှင့် ကျွန်မ ခဏ ခဏ စကားများတယ်။ သူကတော့ သူ့ချွေးမ အမှုပတ်မှာစိုးလို့ မသွားခိုင်းဘူး။ ကျွန်မ တူလေးနှင့် သူ့အမျိုးသမီး သူတို့အပြစ် သူတို့ဖာသာ ခံပါလေ့စေလို့ ပြောတယ်။ တကယ်တော့ ကျွန်မ တူလေးဟာ မိဘကို လုပ်ကျွေးနေတဲ့သူ။ လိမ္မာပါတယ်လို့ ပြောရင် ရပါတယ်။ စာတန် ကတော့၂၄ နာရီ အလုပ်လုပ်ရတယ်။ အားလပ်ရက် မရှိဘူး။ ကျွန်မ တူလေးက ဝိညာဉ်ရေးရာမှာ အားနည်းနေတာ သူ့မိဘ ကိုယ်တိုင် ကလည်း ဘုရားတရား ကိုင်းရှိုင်းသူတွေ မဟုတ်ပါဘူး။ ဝိညာဉ်ရေး ချို့တဲ့နေသော ကျွန်မ တူလေးက စာတန်ရဲ့ ကျော့ကွင်းထဲ ရောက် သွားပါလေရော။ အဲ့ဒါနဲ့ မြန်မာပြည်မှာ ရှိတဲ့ ကျွန်မ အစ်ကိုလို ချစ်တဲ့ ဆရာတော် ဆီ ဖုန်းဆက်ပြီး စကား ပြောတယ်။ ဆရာ ကျွန်မကို ကူညီပါအုံး။ ဝိညာဉ်ရေးရာ အောက်ဆီဂျင် လိုနေလို့ ဆရာ့ ဆီမှာ အကူအညီ တောင်းပြီး ကျွန်မ အစ်ကိုကို ကလေးမလေး အဖေဆီကို သွား တောင်းပန်ခိုင်းပြီး အသက်အန္တရာယ် ရှိလို့ ဆရာတော်ကို ကျွန်မ အစ်ကို နားလည်အောင် ပြောခိုင်းပြီး ဆုတောင်းခိုင်းလိုက်တယ်။ ကျွန်မလည်း ဆာလံ ၁၀၃-၁-၁၂ ဆင်းရဲ ခံရသောအခါ ထာဝရ ဘုရားကို အော်ဟစ်လျှက် မျောက်မိုက်သော သေမင်း ချိုင့်ဝှမ်းမှ ထုတ်ဆောင်ပြီးလျှက် သူ့ကို ချည်နှောင်ခြင်းများမှ ဖြည်တော်မူ၏ ဟု ရွတ်ပြီး ဆုတောင်းတယ်။ ဘုရားသခင် လူသားတွေအတွက် အထူးသဖြင့် ကျွန်မတို့ အပြစ်သားတွေအတွက် ဆင်းလာတာပါ။ အပြစ်သားတွေကို ကယ်တင်တဲ့ အတွက်ကြောင့် ထို ကလေးနှစ်ယောက်ရဲ့ ပြဿနာကို ကယ်တင်တော်မူပါ။ ဒီကလေး နှစ်ယောက်ဟာ ဝိညာဉ်ရေးရာမှာ တအား ချို့တဲ့နေတဲ့ ကလေးတွေ ဖြစ်တဲ့အတွက် သူတို့ ရှိသမျှသော အပြစ်ကို ဝေးကွာစေတော်မူပါ။ ကျွန်မ တောင်းပန်ပါတယ်။ ခွင့်လွှတ် တော်မူပါ။ ထိုသမီးငယ် ယခု ခံရသော ရောဂါဝေဒနာ များကို ယေရှု နာမတော်၌ ဆွဲနုတ်တော်မူပါ။ သမီးလေးကို အသက်ရှင်ခွင့် ပေးပါ။ ကိုယ်တော်ရှင် ကောင်းမြတ်ကြောင်း သေမင်းအရိပ်မှ ကယ်လွှတ်ကြောင်း လူငယ်တွေကို သက်သေ ခံပါ့မယ်လို့ ဆုတောင်းခဲ့ပါတယ်။ ကျွန်မ ဆရာတော်ဆီ ဖုန်းဆက်ပြီး ဆုတောင်း ခိုင်းတော့ ကျွန်မရဲ့ စိတ်ထဲမှာ ကျမ်းစာထဲက တပ်မှူးနဲ့ သူ့ရဲ့ ငယ်သားကို ယေရှုက အမိန့် ပေးတာနဲ့ သူ့ငယ်သား ရောဂါပျောက်သွားသလို ခံစားရတယ်။ နောက်တစ်နေ့ မနက် ကျွန်မ မြန်မာပြည်ကို ဖုန်းဆက်တော့ ကျွန်မ တူလေးရဲ့ အမျိုးသမီးက မနေ့က ကလေး ခြေထောက် တချောင်းထွက်လာပြီး ကျန်တာ မထွက်လာတော့ ရမိုင် ကနေ သမိုင်းမှာ ရှိတဲ့ အစ်မ ဝမ်းကွဲရောက်လာပြီး taxi နဲ့လာခေါ်ပါတယ်။ အစ်မ ကလည်း တရား ဥပဒေကို ကြောက်တယ်။ သူလည်း ဆုတောင်းပြီး သွားတယ်။ ဟို ရောက်တော့ ကျန်တဲ့ ကလေး ခြေထောက်တချောင်း ဆွဲထုတ်လို့ရတယ်။ ကလေးက ခါးမှာ တစ် နေတော့ သူလက်နဲ့ ကလေးကို ကလော် ထုတ်ရတယ်။ မိခင်က နာလို့ တအား အော်တယ်။ ကျေးဇူးတော်ဘဲ။ ကျွန်မတို့ရဲ့ ဘုရားသခင်က ကျွန်မတို့ရဲ့ အပြစ်ကို ခွင့်လွှတ်တယ်။ သမီးငယ်လေးကိုလည်း အသက်ရှင်ခွင့် ပေးတယ်။ အပြစ်မရှိတဲ့ ၅လ သားကလေး ကတော့ အပြင်ထွက်သွားပြီး မိနစ်အနည်းငယ်မှာ သေဆုံးသွားပြီး အိမ်သာကျင်းထဲ လွှင့်ပစ် ခံလိုက်ရတယ်။ ကျွန်မ သူတို့အတွက် တချိန်လုံး ဆုတောင်း ပေးတာကို ကျွန်မနဲ့ အတူတူ တွဲလုပ်တဲ့ အစ်မက အမယ်လေး။ ဒုက္ခ ခံလို့တဲ့။ ဘာဘဲဖြစ်ဖြစ်။ ကျွန်မ တူလေးနဲ့ သူ့ အမျိုးသမီးကို အသက်ရှင် ခွင့်ပေးတဲ့ အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ တစ်ယောက်မှ ထောင်ထဲ မရောက် ကြဘူး။ ကျွန်မ အထူးသဖြင့် လူငယ်တွေကို ရေးပြချင်ပါတယ်။ စာတန်ရဲ့ ကျော့ကွင်းထဲ ရောက်ခဲ့ပြီး ကိုယ်ဝန် ရှိခဲ့ရင် ပြဿနာကို ရင်ဆိုင်လိုက်ပါ။ ကလေးကို မွေးထုတ်လိုက်ပါ။ မိဘနဲ့ ဘုရားသခင်ကို ဒူးထောက် ဝန်ချ တောင်းပန်ပြီး ဆုတောင်း လိုက်ပါ။

(၁) လူ့အသက် တစ်ချောင်းကို မသတ်ပါနှင့်ဟု တောင်းပန်ပါရစေ။

(၂) ဘုရားသခင်နှင့် မိဘတွေဆီ ဝန်ချတောင်းပန်ပါ။

(၃) ဒုက္ခထဲ ရောက်ရင် ဆာလံ၂၃ ကို ရွတ်ပြီး ဆုတောင်းပါလို့ ရေးသားရင်း သက်သေခံ ခွန်အားပေးလိုက်ပါတယ်။ ကျွန်မရဲ့ သက်သေခံချက်ကို ဖတ်ရသူ အယောက်စီတိုင်း ဘုရားရှင် ကောင်းကြီးပေးပါစေ။ ။ ပိကင်းဘဲ(ဘရာဇီး)

---



## စိတ်သုံးစိတ်

စိတ်သုံးစိတ် မင်းအောင်သက်လွင်

လောကကြီးထဲမှာ နေထိုင်ကြီးပြင်းလာရင်း ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ် ကြည့်မိတော့ စိတ်နေ စိတ်ထား သုံးမျိုး သုံးစား ရှိနေတယ်လို့ ကျနော် လေ့လာ မိ သလောက် ရေးပြချင်ပါတယ်။ ကျနော့်မှာတော့ လူတစ်ကိုယ်နဲ့ စိတ် သုံးမျိုး ရှိပါတယ်။ အဲဒီ စိတ်ထားလေး တွေကတော့ -

၁) ရောင့်ရဲတတ်တဲ့ စိတ်။ ၂) ကပ်စေးနဲ့တတ်တဲ့ စိတ် ။ ၃) လောဘကြီးတတ်တဲ့ စိတ် တို့ဘဲ ဖြစ်ပါတယ်။ ကျနော် ကိုယ်တိုင် တစ်ခါတစ်လေမှာ အဲဒီ စိတ်ထား သုံးမျိုး စလုံး တပြိုင်တည်း ခံစားရတာမျိုး ရှိပါတယ်။ တစ်ခါတစ်လေ ကျရင် ရောင့်ရဲတတ်တဲ့ စိတ် ဖြစ်လာသလို၊ တစ်ချို့အချိန်တွေမှာ ကပ်စေးနဲ တတ်ပြန်ပါတယ်။ တစ်ခါတစ်လေ ကျရင်တော့ လောဘကြီးတတ်တဲ့ စိတ်က ဝင်လာတတ်ပြန်ပါတယ်။

ဆင်ခြင်မိတဲ့ အချက်ကတော့ အဲဒီ စိတ်ထား သုံးမျိုးကို သူ့နေရာနဲ့သူ အသုံး ချတတ်ဖို့ဘဲ ဖြစ်ပါတယ်။

၁) မိမိ အတွက်ဆို ရောင့်ရဲတတ်တဲ့စိတ် ရှိပါ။

၂) စာတန်အတွက်ဆို ကပ်စေးနဲ့တတ်တဲ့စိတ် ရှိပါ။

၃) ဘုရားသခင်အတွက် ဆိုရင်တော့ (အမှုတော်ဆောင် ဆက်ကပ်တော့မယ် ဆိုရင်တော့) လောဘကြီးတတ်တဲ့ စိတ် ရှိမယ်ဆိုရင် ကောင်းမယ်လို့ ထင်ပါတယ်။ ။

---

## ဘဂတူ ခုတုံး

ဘဂတူ ခုတုံး (ဓမ္မဟာသ၊ ကာတွန်း - မင်းအောင်သက်လွင်)

တစ်ခါက စာတန် နဲ့ ကောင်းကင်တမန် တို့ လမ်းခုလတ်မှာ ဆုံမိကြတယ်။

စာတန် = တကယ်တော့ မင်းနဲ့ ငါက ဘဂတူ တွေပါကွာ။

ကောင်းကင်တမန် = အိုး၊ ဘာကိစ္စကြောင့် မင်းနဲ့ငါ ဘဂတူ ရမှာလဲ။ မင်းက ငရဲ ပြည်က။ ငါက ကောင်းကင်ဘုံက။ တခြားစီဘဲ။

စာတန် = ငါရှင်းပြတာကိုလဲ ဆုံးအောင် နားထောင်အုံးလေကွာ။ လူကောင်း ဆိုတဲ့ ဘာသာရေး သမားတွေက သူတို့ လိုချင်တဲ့ ပစ္စည်းတွေ၊ တိုက်တွေ၊ ကားတွေ၊ အပျော် မိတ်သဟာယ ခရီးစဉ် တွေ၊ ဘတ်ဂျက်တွေ၊ သာသနာကွင်း တွေအတွက် ငွေလိုရင် ကောင်းကင်တမန် ဖွင့်ပြလို့၊ ကောင်းကင်တမန် အိမ်မက်ပေးလို့ ကောင်းကင် တမန် ရူပါရုံ ပေးလို့ ဆိုပြီး၊ မင်း နာမည်ကို အသုံးချ ခုတုံး လုပ်ကြတယ် လေကွာ။ ဟော - လူဆိုးတွေ လူမိုက်တွေ ကျပြန်တော့လဲ သူတို့ လုပ်ချင်တဲ့ မတရား အဓမ္မ ကိစ္စတွေ၊ ငွေလိမ်၊ မိန်းမလိုက်စား၊ အရက်သောက်၊ လောင်းကစားနဲ့ မတရား စီးပွားရှာတာတွေ လုပ်ချင်ရင် လုပ်မိရင်၊ စာတန်က သွေးဆောင်လို့၊ စာတန်က ဖြား ယောင်းလို့ ဆိုပြီး ငါ့နာမည်ကို ခုတုံး လုပ်ကြတယ်လေကွာ၊ အဲဒီတော့ မင်းနဲ့ ငါက လူတွေ ခုတုံး အလုပ်ခံထိတဲ့ နေရာမှာ တူတဲ့ ဘဂတူ တွေပါကွာ။

( ဝွမ် )





မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; lord's word တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက facebook account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။